## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
## (၃၉)ရက်မြောက်နေ့မှတ်တမ်း
## ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
## (၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၃၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁ ရက်၊

(၂) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင် ခွင့် ၁ ရက်နှင့်

(၃) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ၁၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၀ ဦး ရှိပါတယ်။

ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို အခွန်ပေးဆောင်စေပြီး လိုင်စင်ထုတ်ပေးရန်နှင့် တရားမဝင်သယ်ဆောင်ရောင်းဝယ်နေသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ဖြစ်ပါတယ်။ ကျွန်မ ဒီနေ့မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်မတို့နိုင်ငံတစ်ဝန်းလုံးမှာ အသုံးပြုလျက်ရှိနေတဲ့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို ကညန ကနေပြီးတော့မှ အချိန်ကာလတစ်ခုသတ်မှတ်ပြီးတော့ အခွန်ပေးဆောင်စေပြီးတဲ့နောက် လိုင်စင်ထုတ် ပေးဖို့အစီအစဉ်ရှိ/မရှိနှင့် လိုင်စင်ထုတ်ပေးပြီးတဲ့နောက်မှာ နယ်စပ်ကိုဖြတ်ကျော်ပြီးတော့ ထပ်မံပြီး တရားမဝင် ဝင်ရောက်လာမယ့် မော်တော်ဆိုင်ကယ်အပါအဝင် သုံးဘီးဆိုင်ကယ်တွေ၊ ကားတွေကို ဘယ်လိုများ တိတိကျကျ ကြပ်မတ်ဆောင်ရွက်ပါမလဲဆိုတဲ့မေးခွန်းကို မေးမြန်းလိုတာဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးမြန်းရတဲ့ အကြောင်းရင်းကတော့ ကျွန်မတို့နိုင်ငံကို တစ်ဝန်းလုံးမှာကြည့်လိုက်မယ် ဆိုရင် ယာဉ်တိုက်မှုတွေဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာတာကို ကျွန်မတို့က တွေ့ရပါ တယ်။ ဒီယာဉ်တိုက်မှုတွေကြောင့်လည်း တိုင်းသူပြည်သူတွေအားလုံးမှာ အသက်သေဆုံးကြရပါတယ်။ ကိုယ်လက်အင်္ဂါတွေချို့ယွင်းကြရပါတယ်။ ငွေကြေးများလည်း ဆုံးရှုံးကြရပါတယ်။ နိုင်ငံတော်အနေ နဲ့လည်း ကျန်းမာရေးဌာနမှာ အလုပ်တွေတော်တော်ပဲရှုပ်ရပြီးတော့ ငွေကြေးဘဏ္ဍာများလည်း အများ အပြားကုန်ကျရတာကို တွေ့ရပါတယ်။ ပြည်ခရိုင်တစ်ခုတည်းအနေနဲ့ ကြည့်မယ်ဆိုရင်တောင်မှ ယာဉ် တိုက်မှုကြောင့်သေဆုံးရတဲ့ သေဆုံးသူအများစု အရေအတွက်ဟာဆိုလို့ရှိရင် တခြားအမှုတွေနဲ့ သေဆုံး ရတဲ့အရေအတွက်ထက် သုံးဆလောက်များပြားနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော် အနေနဲ့လည်း ကျွန်မတို့ရဲ့ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ရုပ်သိမ်းပြီးတဲ့နောက်မှာ ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ပြဋ္ဌာန်းပြီးတော့ ကျွန်မတို့ရဲ့ ယာဉ်စည်းကမ်းတွေကို တိတိကျကျ စတင်ပြီးတော့ အသက်ဝင်အောင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျွန်မတို့ခရိုင်မှာလည်း ဆောင်ရွက် နေပါတယ်။ ဒီအချိန်မှာ ကျွန်မတို့က ယာဉ်တိုက်မှုတွေဖြစ်ရတဲ့ အကြောင်းအရင်းများစွာထဲမှာ ယာဉ်မောင်းလိုင်စင်မရှိခြင်းနှင့် ယာဉ်တွေ၊ လိုင်စင်မဲ့ဆိုင်ကယ်တွေ အလွန်များပြားနေခြင်းဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ပြည်သူတွေအနေနဲ့ အလွယ်တကူဝယ်ယူရရှိနေတဲ့၊ ဈေးနှုန်းလည်းတစ်သိန်း၊ နှစ်သိန်းလောက်သက်သာတဲ့ ဒီလိုင်စင်မဲ့ဆိုင်ကယ်တွေဟာ နှစ်အတန် ကြာပေါ့နော် ဝယ်ယူသုံးစွဲပြီး လက်ထဲမှာ အခုရှိနေပြီးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေရဲ့ ပုဒ်မ ၅၈ ပုဒ်မခွဲ(က)အရ ကျွန်မတို့က လိုင်စင်မဲ့မော်တော်ယာဉ်တွေကို

စီးနင်းမယ်ဆိုလို့ရှိရင် တစ်လထက်မပိုတဲ့ထောင်ဒဏ်ဖြစ်စေ၊ နောက်ပြီးတော့ ငါးသောင်းကျပ်ထက် မပိုတဲ့ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ပါတယ်။ ဒါ့အပြင် အခုအချိန်မှာ ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေရဲ့ ဥပဒေအားလုံးဟာ ရဲအရေးပိုင်တဲ့အမှုတွေလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူ့တွေအနေနဲ့ လက်ထဲမှာရှိနေတဲ့မော်တော်ဆိုင်ကယ်တွေဟာ ကျွန်မတို့ကျေးရွာသူ ကျေးရွာသားများအနေနဲ့ဆိုလို့ရှိရင်တော့ ဈေးနှုန်းသက်သာလို့လည်းဝယ်ယူခဲ့ရပြီး သွားရေးလာရေး မြို့ကို ကုန်စည်ပို့ဆောင်ရေးအတွက်လည်း လောလောဆယ်မှာ အသုံးပြုနေရတာဖြစ်တဲ့အတွက် ဒီပြစ်ဒဏ်တွေအနေနဲ့ဆိုရင် သူတို့မှာ တော်တော်ပဲ အကျပ်အတည်းတွေ တွေ့ကြုံရတဲ့အတွက် ကျွန်မဟာ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ထပ်မံပြီးပြောလိုတာကတော့ ယခုလက်ရှိအသုံးပြုနေတဲ့ လိုင်စင် မဲ့မော်တော်ဆိုင်ကယ်များကို လိုင်စင်လုပ်ပေးဖို့အစီအစဉ်ပေါ့နော်။ လုပ်ပေးတဲ့နေရာမှာလည်း အချိန် ကာလတစ်ခုသတ်မှတ်ပြီးတော့၊ နိုင်ငံတော်ဘဏ္ဍာကိုလည်း ရရှိစေတဲ့အနေနဲ့ အခွန်ကိုလည်း ဆောင်စေပြီးတော့ ပြည်သူတွေလည်း အကျပ်အတည်းကနေပြီးတော့ ဖြေလျှော့ပေးတဲ့အနေနဲ့ မော်တော်ဆိုင်ကယ်လိုင်စင်များ လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနဲ့ တရားမဝင်သယ်ဆောင်ရောင်းဝယ် နေသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကိုသိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ နိုင်ငံတစ်ဝန်းလုံးမှာ အသုံးပြုနေတဲ့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တွေကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကနေပြီးတော့ အချိန်ကာလတစ်ခုသတ်မှတ် ပြီးတော့ အခွန်ပေးဆောင်စေဖို့၊ လိုင်စင်ထုတ်ပေးဖို့အစီအစဉ်ရှိ/မရှိ၊ လိုင်စင်ထုတ်ပေးပြီးနောက်

နောက်ထပ်ဝင်ရောက်လာတဲ့ တရားမဝင် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့်ကားတွေကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ပြည့်ပြည့် စုံစုံဖြေကြားသွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမေးခွန်းက ခဏခဏအမေးခံရပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရော၊ ကြည့်နေကြတဲ့တိုင်းသူပြည်သားများအပေါ် မှာရော ကျွန်တော်တို့ဆောင်ရွက်နေတဲ့အခြေအနေကို သိရအောင်အတွက် ကျွန်တော် Power Point သုံးစွဲခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာနဟာ မော်တော်ဆိုင်ကယ်တွေကို မှတ်ပုံတင်ပေးတဲ့အခါမှာ နယ်စပ်ကုန်သွယ် ရေးသွင်းကုန်လိုင်စင်နဲ့ တင်သွင်းတဲ့မော်တော်ဆိုင်ကယ်တွေကို မှတ်ပုံတင်ပေးတယ်။ မှတ်ပုံတင်မဲ့ ဆိုင်ကယ်များအား One Stop Service စီမံချက်နဲ့ မှတ်ပုံတင်ပေးတယ်။ နောက်တစ်ခါ မြန်မာ့ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးကော်မတီရဲ့ ခွင့်ပြုချက်နဲ့ ပြည်တွင်းစက်မှုဇုန်တွေကနေ ထုတ်လုပ်တဲ့ ဆိုင်ကယ်တွေကို မှတ်ပုံတင်ပေးပါတယ်။ အဲဒီတော့ ဒီ ၃၀-၄-၂၀၁၆ ဧပြီလကုန်အထိ တစ်နိုင်ငံလုံးမှာ မှတ်ပုံတင်ထားတဲ့ မော်တော်ဆိုင်ကယ်စီးရေပေါင်း ၄၆၆၇၈၁၂ စီးရှိပါတယ်။

ပြည်တွင်းကို နည်းလမ်းအမျိုးမျိုးနဲ့ တရားမဝင် ဝင်ရောက်လာတဲ့ မှတ်ပုံတင်မဲ့မော်တော် ဆိုင်ကယ်တွေကို One Stop Service နဲ့ ၁၉၉၉ ခုနှစ်ကနေစတင်ပြီး ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ ကိုးကြိမ် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီမှာ မော်တော်ဆိုင်ကယ်စီးရေပေါင်း ၃၂၈၄၉၁၇ စီး မှတ်ပုံတင်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆောင်ရွက်ပေးခဲ့တဲ့ကာလနဲ့ စီးရေတွေကိုလည်း ကျွန်တော် တင်ပြ အပ်ပါတယ်။ အဲဒီဇယားမှာ ၁၉၉၉ ခုနှစ်က ၆၀၀၀ ကျော်စသဖြင့်ပေါ့။ အားလုံးပေါင်းစုစုပေါင်း ၃၂၈၀၀၀၀ ကျော်ကို တရားမဝင်ကနေပြီးတော့ တရားဝင်လိုင်စင်အဖြစ်နဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအခါမှာ စီမံချက်နဲ့ တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးပြီးတော့ သတ်မှတ်ကာလကျော်လွန်ရင် တော့ နိုင်ငံပိုင်အဖြစ်နဲ့သိမ်းဆည်းပြီးတော့ ခုနကတုန်းကပြောတဲ့ ဥပဒေပုဒ်မ ၅၈ နှင့်အညီ အရေးယူ ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း နိုင်ငံတော်သမ္မတရုံးရဲ့ ၇-၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၀၇ (၂)/၈/သမ္မတရုံးကနေပြီးတော့ နိုင်ငံတော်သမ္မတကနေပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို သဝဏ်လွှာ ပေးပို့ထားခဲ့ပါတယ်။ သဝဏ်လွှာကတော့ အကောက်အခွန်ကို ၅ ရာခိုင်နှုန်းကောက်မယ်။ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကောက်မယ်။ အာမခံ Premium နဲ့ ဘဏ်ဆောင်ရွက်ခက ၂၃၀၀ ရှိမယ်။ ယာဉ်မှတ်ပုံတင်ကြေးက ၂၂၀၀၀ ဖြစ်မယ်ဆိုပြီးတော့ ဒါနောက်ကျရင်တော့ ဥပဒေနဲ့ပဲ အရေးယူတော့မယ်ဆိုပြီးတော့ ဒါပြည်ထောင်စုလွှတ်တော်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတုန်းက

တင်ပြခဲ့ပါတယ်။ တရားမဝင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ရှိနေတဲ့ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် သတ်မှတ်အခွန်အခတွေ ပေးဆောင်ပြီးတော့ တရားဝင်လိုင်စင် ထုတ်ပေးခြင်းကိုးကြိမ်တိုင်တိုင် One Stop Service နဲ့ ဖြေလျှော့ခွင့်ပြုပြီးတဲ့နောက်မှာ တရားမဝင်မော်တော်ဆိုင်ကယ်များနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေပြီးတော့ စက်တင်ဘာလ ၂၀၁၄ ကျတော့ ထပ်ပြီးတော့ ညွှန်ကြားလာပါတယ်။ ဘာလို့လဲဆိုတော့ တော်တော်များများက ကိုးကြိမ်လုပ်ပေးတာတောင်မှ တရားမဝင်တဲ့ဆိုင်ကယ်တွေ ထပ်ပြီးတော့တွေ့ရှိနေခဲ့ရင် ဘယ်လိုလုပ်မလဲဆိုတဲ့အချက်ကို ဒီအရင်အစိုးရလက်ထက်က သမ္မတရုံးကနေပြီးတော့ ပြည်နယ်အစိုးရအဖွဲ့နဲ့ တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီတို့ကို တိုက်ရိုက်ညွှန်ကြားထားပါတယ်။ အဲဒီညွှန်ကြားချက်မှာ ဘယ်လိုပါသလဲဆိုတော့ အထူးစစ်ဆေးခ ၅၀၀၀ ကျပ်ယူပါ။ သတ်မှတ်ထားတဲ့ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်စစ်ဆေးခ၊ မှတ်ပုံတင်ကျသင့်ငွေတွေကို ကောက်ခံပါ။ အဲဒီမှာ ဒေသပေါက်ဈေးရဲ့ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအောက်မလျော့တဲ့ ဒဏ်ငွေကောက်ရမယ်။ ခုနတုန်းကပြောသလို တင်သွင်းသွားတဲ့ တောသူတောင်သားတွေ သိပ်ပြီးတော့ မသိနားလည်လို့ တရားမဝင်လိုင်စင်မဲ့ဆိုင်ကယ်ကို ဝယ်မိရင် မနစ်နာဖို့ရာအတွက် ဒေသပေါက်ဈေးရဲ့ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအောက် မလျော့သောဒဏ်ငွေကို သတ်မှတ်ကောက်ခံရမယ်။ ဒဏ်ကြေးပေးသွင်းခြင်းမပြုရင်တော့ ပို့ကုန်သွင်းကုန်ဥပဒေအရ သက်ဆိုင်ရာတရားရုံးမှာ တရားစွဲဆိုပြီးတော့ သက်သေခံဖြစ်တဲ့ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားရမယ်။ လိုင်စင်မဲ့ဆိုင်ကယ်ကို အထက်ပါအတိုင်းဆောင်ရွက်ပြီးတဲ့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ ခုနကပြောတဲ့ စစ်ဆေးခ ၅၀၀၀ ကျပ်၊ ကနဦးမှတ်ပုံတင်ခတွေ ကောက်ခံရမယ်။ အဲဒီအခါမှာ နေပြည်တော်ကောင်စီရယ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရတွေအနေနဲ့ ရရှိလာတဲ့ အခွန်ငွေထဲက ၂၅ ရာခိုင်နှုန်းကို ပြည်ထောင်စုဘဏ္ဍာငွေကိုသွင်းမယ်။ ကျန်တဲ့ငွေတွေကတော့ တိုင်းဒေသကြီးဘဏ္ဍာငွေမှာ ပေးသွင်းရမယ်ဆိုပြီးတော့ ညွှန်ကြားထားပါတယ်။ အဲဒါကတော့ လက်ရှိဆောင်ရွက်နေတဲ့ နောက်ဆုံးအခြေအနေဖြစ်ပါတယ်။

တကယ်တမ်းကတော့ လိုင်စင်မဲ့ဆိုင်ကယ်တွေ လိုင်စင်ရအောင်ဆောင်ရွက်လိုက်တဲ့အခါမှာ ဖြစ်ပေါ်လာမယ့်အခြေအနေတွေဟာ မကောင်းပါဘူး။ တရားဝင်တင်သွင်းလာတဲ့ ဆိုင်ကယ်ပိုင်ရှင်တွေနစ်နာမှုရှိနိုင်တယ်။ နယ်စပ်ကုန်သွယ်ရေးခွင့်ပြုချက်နဲ့တင်သွင်းနေတဲ့ အရောင်းပြခန်းတွေကို ထိခိုက်လာနိုင်တဲ့အတွက်ကြောင့် ကန့်ကွက်မှုတွေရှိနေတယ်။ မသမာသူများက တရားဥပဒေကို

သိလျက်နဲ့ ချိုးဖောက်ကျူးလွန်နေမှုကို အားပေးအားမြှောက်ပြုရာရောက်တယ်။ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်ဆောင်ရွက်ရမယ့်အခြေအနေ ဖြစ်နေတယ်။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့စနစ်တွေနဲ့ ဆန့်ကျင်နေတယ်။ အိမ်နီးချင်းနိုင်ငံတွေကနေ ဆိုင်ကယ်တွေ ခိုးသွင်းလာလို့ ရှိရင် တကယ်တမ်းဥပဒေကြောင်းအရ မလိုလားအပ်တဲ့ အရှုပ်အထွေးတွေဖြစ်ပြီး နိုင်ငံရဲ့ဂုဏ်သိက္ခာ ကျဆင်းနိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က တကယ်တမ်းကတော့ဖြင့်ရင် ပြည်သူလူထုကရော အားလုံးဘယ်လိုနည်းနဲ့မှ တရားမဝင်ဆိုင်ကယ်တွေ၊ လိုင်စင်မဲ့ဆိုင်ကယ်တွေကို ဝယ်ယူသုံးစွဲခြင်းမပြု သင့်ပါဘူးလို့ ကျွန်တော့်အနေနဲ့တော့ ပြောလိုပါတယ်။ အဲဒီတော့ တရားမဝင်လမ်းကြောင်းက ဆိုင်ကယ်တွေကို ထပ်မံဝင်ရောက်ခြင်းမရှိစေရန် ဘယ်လိုထိန်းချုပ်မလဲဆိုတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကိုလည်း နယ်စပ်ဖြတ်ကျော်ပြီး နောက်ထပ်ဝင်ရောက်လာမယ့် တရား မဝင်သယ်ဆောင်ရောင်းဝယ်နေသော မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများ၊ ပြည်တွင်း တွင်ရောက်ရှိနေသည့် လိုင်စင်မဲ့ယာဉ်များအား သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ များရဲ့ကြီးကြပ်မှုနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူတွေ ပူးပေါင်းပြီးတော့၊ စီမံချက်များချမှတ်ပြီးတော့ ရှောင်တခင်စစ်ဆေးတယ်။ ဖမ်းဆီးအရေးယူတာတွေ ကျွန်တော်တို့ ထိထိရောက်ရောက်ဆောင်ရွက်လည်းနေပါတယ်။ ဆက်ပြီးတော့လည်း ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ တစ်ဖက်ကလည်းပဲ တောလမ်းတွေ၊ နယ်စပ်ဒေသဝင်ပေါက်တွေကနေ ထပ်မံပြီးတော့ ဝင်ရောက်မလာနိုင်ဖို့ရာအတွက် ဌာနစုံပူးပေါင်းအဖွဲ့တွေ၊ လုံခြုံရေးတပ်ဖွဲ့များနဲ့ ဖွဲ့စည်းတာဝန် ပေးလျက် တင်းကျပ်စွာတားမြစ်ပိတ်ဆို့ပါမယ်။ ဥပဒေကို ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ကျူးလွန်တဲ့သူ တွေကိုတော့ ထိရောက်ဟန့်တားတဲ့ပြစ်ဒဏ်များ ချမှတ်အရေးယူခြင်းများကို စနစ်တကျဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ နောက်ဆုံးအခြေအနေကတော့ လိုင်စင်မဲ့ ဆိုင်ကယ်တွေကို စိစစ်တွေ့ရှိခဲ့ရင် နောက်ဆုံးဆောင်ရွက်ချက်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၁၅-၉-၂၀၁၄ ပါစီမံချက်နှင့်အညီ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက လိုက်နာဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ပန်းတောင်းမြို့နယ်တွင်းမှ ရုံးစိုက်ရာမြို့သို့လည်းကောင်း၊ တစ်မြို့နယ်လုံး မဖြစ်မနေမှီခိုအားထားနေရသည့် ခရိုင်မြို့ (ပြည်မြို့)သို့လည်းကောင်း၊ ဆက်သွယ်ပေးနိုင်မည့်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးရန်နှင့် အဝေးပြေးကားများ ဝင်ရောက်နိုင်ရန် လမ်းများနှင့် ကားဂိတ်များဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ် ပြည်သူများရဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ (၁) ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်တွင် မြို့နယ်အတွင်းမှ ရုံးစိုက်ရာပန်းတောင်းမြို့သို့ လည်းကောင်း၊ တစ်မြို့နယ်လုံး မဖြစ်မနေ မှီခိုအားထားနေရတဲ့ ခရိုင်မြို့၊ ပြည်မြို့သို့လည်းကောင်း ဆက်သွယ်ပေးနိုင်သည့်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ မေးခွန်း(၂)ကတော့ ပန်းတောင်းမြို့သို့ အဝေးပြေးကားများဝင်ရောက်ရန် လမ်းများနှင့် ကားဂိတ်များ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ Power Point မှာတော့ ပန်းတောင်းမြို့ရဲ့တည်နေရာနဲ့ လမ်းပန်းဆက်သွယ်ရေးအနေအထားများ ပါဝင်ပါတယ်။ မေးခွန်း(၁) မေးရတဲ့အကြောင်းကတော့ Power Point မှာဖော်ပြထားတဲ့အတိုင်း ၁၉၉၇ ခုနှစ် နဝဒေးတံတား ဆောက်လုပ်ပြီးချိန်ကစပြီး ပန်းတောင်းမြို့ဟာ ဧရာဝတီမြစ်ဘေးက သီးခြားမြို့လေးတစ်မြို့ ဖြစ်သွားခဲ့ပါတယ်။ မြို့နယ်ချင်းဆက်သွယ်ဖို့ ပုံမှန်ပြေးဆွဲပေးတဲ့ကားလိုင်းများမရှိသလို ပန်းတောင်းမြို့နယ် အတွင်းမှာ အနီးစပ်ဆုံးမှီခိုအားထားနေရတဲ့ ခရိုင်မြို့၊ ပြည်မြို့ကို သွားဖို့လည်း မနက် ၈ နာရီ နောက်ပိုင်းကစပြီး ကားများမရှိတော့ပါဘူး။ ဆိုင်ကယ်တွေနဲ့ပဲသုံးနေရလို့ ကုန်ကျစရိတ်တွေကများ၊ လူနေမှုစရိတ်တွေက ကြီးတဲ့အပြင် ယာဉ်တိုက်မှုတွေဟာလည်း တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ပြည်ခရိုင်မှာ၊ ယာဉ်တိုက်မှုမှာ ဆုံးရှုံးမှုတန်ဖိုးအများဆုံးမှာ ပန်းတောင်းမြို့က ဖြစ်နေပါတယ်။ မေးခွန်း(၂)မေးရတဲ့အကြောင်းကတော့ ပန်းတောင်းမြို့ဟာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ဆက်စပ်နေတဲ့မြို့ဖြစ်ပေမယ့် ဘယ်အဝေးပြေးကားမှ မြို့ထဲကို မဝင်သလို ဝင်စရာလမ်းလည်းမရှိပါဘူး။ ဒါကြောင့် ပန်းတောင်းမြို့ဟာ ဆက်သွယ်ရေး

ကလည်း အလွန်ခက် ဖွံ့ဖြိုးမှုကလည်းမရှိဘဲနဲ့ ကျေးရွာတစ်ရွာလို ဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့မူဝါဒဖြစ်တဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို မြို့ကြီးများကဲ့သို့ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်မည်လို့ ပါရှိတဲ့အတွက်ကြောင့် အထက်ပါမေးခွန်း နှစ်ခုကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် တွင် မြို့နယ်တွင်းမှ ရုံးစိုက်ရာမြို့သို့လည်းကောင်း၊ တစ်မြို့နယ်လုံးမဖြစ်မနေ မှီခိုအားထားနေရသည့် ခရိုင်မြို့(ပြည်မြို့)သို့လည်းကောင်း၊ ဆက်သွယ်ပေးနိုင်မည့်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ပန်းတောင်းမြို့သို့ အဝေးပြေးကားများ ဝင်ရောက်နိုင်ရန်လမ်းများနှင့် ကားဂိတ်များ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့ကို မေးမြန်းလာပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပန်းတောင်းမြို့နယ်မှ ပြည်မြို့သို့ ပြေးဆွဲနေတဲ့ ခရီးသည်တင်ယာဉ်လိုင်း လောလောဆယ် သုံးလိုင်း ပြေးဆွဲလျက်ရှိပါတယ်။ ပန်းတောင်းမြို့နယ် မော်တော်ယာဉ်အသင်းက အတွင်းလမ်း ဥသျှစ်ပင်-ပန်းတောင်း-ပြည်ခရီးစဉ်ကို မော်တော်ယာဉ် ၂၂ စီးနဲ့ နေ့စဉ် နံနက် ၅:၂၀ ကနေ ညနေ ၁၄:၃၀ အထိ မိနစ် ၃၀ ခြား တစ်စီးနှုန်း ပြေးဆွဲလျက်ရှိပါတယ်။ တစ်ခါ ရွှေပြည်စိုး မော်တော်ယာဉ် အသင်းဟာ အပြင်လမ်းမှာ အဲဒါကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားတဲ့အတိုင်း အပြင်လမ်းကသွားတာပါ။ ဥသျှစ်ပင်-ပန်းတောင်း-ပြည်ခရီးစဉ်မှာ မော်တော်ယာဉ်အင်အား အစီး ၂၀ နဲ့ နေ့စဉ်နံနက် ၅ နာရီကနေ ၁၀:၃၀ အထိပဲရှိပါတယ်။ တစ်ခါ ဇရာမင်းမော်တော်ယာဉ်အသင်း ကတော့ အတွင်းလမ်း ပန်းတောင်း-ဆင်တဲ-ပြည်ခရီးစဉ်ကို ယာဉ်အင်အား ခုနစ်စီးနဲ့ နေ့စဉ် ၅ နာရီ ကနေ ၁၁ နာရီအထိ ၄၅ မိနစ်ခြားတစ်စီး ယာဉ်လိုင်းအလိုက် ပြေးဆွဲလျက်ရှိပါတယ်။

အဝေးပြေးကားများအနေဖြင့် ပန်းတောင်းမြို့နယ်တွင် ဥသျှစ်ပင်-ပန်းတောင်း-ပြည်-ရန်ကုန်ကို နေ့စဉ်ပြေးဆွဲလျက်ရှိတဲ့ မျိုးဆက်သစ်အဝေးပြေးယာဉ်တစ်စီးပဲရှိပါတယ်။ ထိုကဲ့သို့ ပန်းတောင်းမြို့နယ်နှင့် ပြည်မြို့သို့လည်းကောင်း၊ ပန်းတောင်းမြို့နယ်မှ ရန်ကုန်မြို့သို့လည်းကောင်း ပြေးဆွဲလျက်ရှိသော ယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရွှေပြည်စိုးယာဉ်လိုင်းအသင်းမှ မော်တော်ယာဉ်များကတော့ ကျေးရွာအုပ်စုများကနေပြီးတော့ မိမိတို့ကျေးရွာအလိုက် ဂိတ်တွေဖွင့်ထားပြီးတော့ ပြည်မြို့မှာရှိတဲ့ ဈေးကြီးနာရီစင်ဂိတ်မှာ ဂိတ်ဖွင့်ပြီးတော့ နေ့စဉ်ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်ပေးလျက်ရှိပါတယ်။

ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများဟာ ပြေးဆွဲလိုတဲ့ ခရီးစဉ်အလိုက် တိုင်းဒေသကြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနကို လျှောက်ထားရပါမယ်။ ဒါ ပုဂ္ဂလိကမော်တော်ယာဉ်လိုင်း ပြေးဆွဲမယ်ဆိုရင် တိုင်းဒေသကြီးမှာ လျှောက်ထားရပါတယ်။ အဲဒီမှာ သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု၊ ညှိနှိုင်းမှုကော်မတီလည်းရှိပါတယ်။ အဲဒီတော့ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုဌာနအနေနဲ့ ခရီးသည်တင်မော်တော်ယာဉ်လိုင်းများ ပြေးဆွဲခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခြင်း၊ လျှောက်ထားတဲ့ ခရီးစဉ်နှင့် သက်ဆိုင်သည့်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုကော်မတီနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ရဲ့ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဝန်ကြီးချုပ်ဆီကို တင်ပြရပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ပုဂ္ဂလိကယာဉ်လိုင်းများကို ခရီးစဉ်အရ ခွင့်ပြုပေးလျက်ရှိပါတယ်။ အဲဒီတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဟာ ပြည်ခရိုင်မှာ ၂၀၁၆ ခုနှစ်၊ ဧပြီလကုန်အထိ ယာဉ်လိုင်းပေါင်း ၄၁ လိုင်းရဲ့ တိုင်းတွင်း/တိုင်းကျော်ပြေးဆွဲတဲ့ခရီးစဉ်ပေါင်း ၅၉ ခုကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးရှင့်။ ဒီဖြေကြားမှုနှင့်ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်မတို့ ပဲတောင်းမြို့နယ်မှာ ဖြေကြားတဲ့မေးခွန်းအရဆိုလို့ရှိရင် ယာဉ်လိုင်းတွေပြေးဆွဲနေတယ်ဆိုတဲ့အကြောင်းအရာလေးတွေကို သိရှိရပါတယ်။ ဒါပေမဲ့ အဲဒီယာဉ်လိုင်းတွေကို ပြေးဆွဲနေတယ်ဆိုတာကို ကျွန်မ ပန်းတောင်းမြို့ပေါ်မှာနေတဲ့သူတစ်ယောက်ဖြစ်နေတာတောင်မှ ကျွန်မတို့ ဘယ်ကားဂိတ်ကနေပြီးတော့၊ ဘယ်အချိန်တွေကိုသွားပြီးတော့ စီးလို့ရတယ်ဆိုတဲ့ကိစ္စကို ကျွန်မ မသိပါဘူး။

ဒါကြောင့်မို့လို့ ကျွန်မမေးချင်တဲ့မေးခွန်းကတော့ နှစ်ပေါင်းများစွာ လမ်းပန်းဆက်သွယ်ရေးချောမွေ့အောင် မဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခုလိုမျိုး ကားလိုင်းတွေရှိတယ်ဆိုတာကို ကားဂိတ်တွေသတ်မှတ်ပေးသလား၊ ဒါမှမဟုတ်လို့ရှိရင် ကားလိုင်းတွေက ဘယ်အချိန်၊ ဘယ်အချိန်ထွက်နေတယ်ဆိုတဲ့အကြောင်းအရာတွေကို ပြည်သူများသိရှိအောင် ဆောင်ရွက်ပေးခြင်းရှိ/မရှိကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့ ဆက်စပ်မေးခွန်းအပေါ်မှာ ကျွန်တော်ဖြေကြားရရင်တော့ ဂိတ်တွေကတော့ ခုနတုန်းက ဖြေကြားချက်ထဲမှာတော့ ပါပါတယ်။ ကျေးရွာအုပ်စုတွေဟာ မိမိအစီအစဉ်နဲ့ မိမိ ဂိတ်ဖွင့်ထားတယ်။ ပြည်မှာတော့ ဈေးကြီးနာရီစင်ဂိတ်မှာ ဂိတ်ဖွင့်ထားတယ်လို့ ကျွန်တော် ဒီပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တင်ပြချက်အရ ကျွန်တော်ဖြေကြားခဲ့ပါတယ်။ သို့သော် ခုနပြောသလို အခြားဂိတ်တွေထပ်ပြီးတော့ လိုအပ်တယ်။ ခုနကပြောတဲ့ ပြည်သူလူထုကို ကြေညာဖို့ လိုအပ်တယ်ဆိုခဲ့ရင်လည်း ကျွန်တော်ထပ်ပြီးတော့ ကြေညာသွားဖို့ ကျွန်တော့်ရဲ့ တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေး၊ စီမံကိန်းဦးစီးဌာနတို့ကို ထပ်ပြီးတော့၊ ညွှန်ကြားပြီးတော့ ဒါတွေကို ဆိုင်းဘုတ်တွေ ချိတ်မယ်၊ ဗွီနိုင်းတွေချိတ်ပြီးတော့ ပြည်သူလူထုကို အသိပေးသွားဖို့ စီစဉ်ပါ့မယ်လို့ ကျွန်တော် ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဂန့်ဂေါမြို့နယ်၊ ကျော-ရေမျက်နီရထားလမ်းတွင် ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်ဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မက မဲဆန္ဒနယ်ရှင်ပြည်သူများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ဂန့်ဂေါမြို့နယ်၊ ပုညာတောင် ရထားဥမင်းနဲ့ပတ်သက်ပါတယ်ရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။

**မူကြမ်း**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဂန့်ဂေါမြို့နယ် ကျောကျေးရွာအနီး ပုညာတောင်မှာ ရထားဥမင်ကြီးကို ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစတင်၍ ဆောက်လုပ်ခဲ့ပြီး ၁၀ နှစ်နီးပါးအကြာ ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။ သံကူကွန်ကရစ် RCC လိုင်နင်အမျိုးအစားဖြစ်ပြီး ၅၆၁၀ ပေရှည်လျားပါတယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအမြောက်အမြားကုန်ကျခံဖောက်လုပ်ခဲ့ပါတယ်။ ဥမင်အကျယ် ၁၅ ပေ ၄ လက်မရှိပြီး အမြင့်က ၁၉ ပေ ၄ လက်မမြင့်ပါတယ်။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ဥမင်အပါအဝင် ၂၇.၀၇ မိုင်ရှိတဲ့ ကျောရေမျက်နီရထားလမ်းပိုင်းကို စတင်ပြေးဆွဲခဲ့ပါတယ်။ သို့သော်လည်း သုံးနှစ်ကျော်ကြာ ၂၀၁၀ ခုနှစ် မိုးရာသီ ဇူလိုင်လ ၅ ရက်နေ့မှစ၍ ရပ်နားပြီး ယခုတိုင်ပြေးဆွဲခြင်း မရှိတော့ပါဘူး။ ကျွန်မတို့ ဒေသခံများအနေနဲ့ ရထားနဲ့ခရီးသွားခြင်းဟာ ကုန်ကျစရိတ်သက်သာပြီး ဒေသဖွံ့ဖြိုးမှုအန္တရာယ်ကင်းမှုတို့မှာ ကားလမ်းထက်များစွာ ပိုသာပါတယ်။ သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့် ဆက်သက်ရေးဝန်ကြီးဌာနသို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (၁) ကျော-ရေမျက်နီရထားလမ်းတွင် ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ်ရှိ/မရှိ၊ (၂) မရှိပါက အဘယ်ကြောင့်ပါနည်းဟု မေးမြန်းလိုပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ မေးခွန်းနှစ်ခုဟာ ဂန့်ဂေါမြို့နယ်၊ ကျော-ရေမျက်နီရထားလမ်းတွင် ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ်ရှိ/မရှိ၊ မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းမေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ပိုပြီးတော့ ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်ရန်အလို့ငှာ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ အဲဒါကတော့ ကျော-ရေမျက်နီလမ်းပိုင်းမှာ ကလေး-ဂန့်ဂေါ-ပခုက္ကူရထားလမ်းပိုင်းမှာပါဝင်ပြီးတော့ ခရီးမိုင်ပေါင်း ၂၇ မိုင်၊ သံလမ်းမိုင် ၂၈.၉၂ မိုင်ရှိပြီးတော့ ၁၂-၂-၂၀၀၅ ကနေဖောက်ပြီးတော့ ၁၇-၁-၂၀၀၇ ရက်နေ့မှာ ဖွင့်လှစ်ပြီးတော့ ရထားစပြေးပါသည်။ အဲဒီမှာ သုံးနှစ်သာသာပဲကြာပြီးတော့ ၂၀၁၀ ခုနှစ်၊ မိုးတွင်းမှာ

ဂီရိမုန်တိုင်း ကျရောက်တဲ့အတွက်ကြောင့် လမ်းပိုင်းများပျက်စီးပြီးတော့ ၅-၇-၂၀၁၀ ရက်နေ့မှစ ပြီးတော့ ရထားလမ်းပိုင်းပိတ်ခဲ့ရပါတယ်။

အဲဒီမှာ လမ်းပိုင်းပျက်စီးမှုတွေကို ပြန်လည်ပြုပြင်ဆောင်ရွက်နေတုန်းမှာပဲ ၂၀၁၁ ခုနှစ်၊ မိုးတွင်းနောက်နှစ်မှာပဲ O2B မုန်တိုင်း ထပ်မံပြီးကျရောက်တဲ့အတွက်ကြောင့် အဆိုပါရထားလမ်းပိုင်းရှိ နေရာ ၅၇ နေရာမှာ ပျက်စီးမှုများထပ်မံပြီးတော့ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ ဒီ ခုနက ပုံညာရှိတောင်ရထားလမ်းဥမင်လမ်းကို အပေါ်ကရိုက်ပြထားတာပါ။ ဒါကတော့ ခုနကပြောတဲ့ ပျက်စီးနေတဲ့ ပတ္တလားဖြစ်သွားတဲ့နေရာတွေနဲ့ တောင်ကျောကတတ်တင်ထဲမှာ ပျက်သွားတဲ့နေရာတွေ ပါ။ အဲဒါကတော့ ဒီသံတွေကို ဥမင်ကိုမဝင်ခင်မှာ ဖြစ်နေတဲ့လမ်းပျက်သွားပြီးတော့ ပြိုကျနေတဲ့နေရာ နှင့် ဒီတောင်ပေါ်က အန္တရာယ်ရှိနေတဲ့နေရာတွေ ဖြစ်ပါတယ်။ တောင်ပေါ်ကနေ ကျလာတဲ့ ကျောက် တွေနဲ့ အဲဒီလမ်းပိုင်းရဲ့ဒီတောင်စောင်းမှာ ဖြတ်ပြီးတော့ အန္တရာယ်ကြီးစွာ ဖောက်လုပ်ထားရတဲ့အခြေ အနေကို တင်ပြအပ်ပါတယ်။ ဒါကတော့ ပြိုကျတဲ့ ကျောက်တွေနဲ့ ပိတ်ဆို့ထားတဲ့နေရာတွေ ဖြစ်ပါ တယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီကျော-ရေမျက်နီလမ်းပိုင်းမှာ ပုညတောင်ရထားလမ်းဥမင် ပေ ၅၆၁၀ တစ်မိုင်သာသာ ရှိပါတယ်။ အဲဒီအခြေအနေကတော့ ဥမင်လိုင်ရဲ့အခြေအနေက ကောင်းမွန် ပေမယ့် အဲဒီဥမင်ကို Approach လုပ်တဲ့ အဝင်အထွက်သွားလာနေတဲ့ ရထားလမ်းတွေဟာ မြေသား နိမ့်ကျခြင်း၊ မြေသားတွေလျောဆင်းခြင်းနှင့် မြေပြိုခြင်းများဖြစ်တော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ခဲ့ပေမယ့် ပြန်လည်ပျက်စီးပြီးတော့ အကျိုးမရှိနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်အသင်းကို အကူအညီတောင်းခံခဲ့ပါတယ်။ ရန်ကုန်နည်းပညာ တက္ကသိုလ်၊ ဘူမိဗေဒဌာနမှ ဧည့်ပါမောက္ခ အင်ဂျင်နီယာ ဦးကျော်ထွန်းနှင့် ပြည်တက္ကသိုလ်၊ ဘူမိဗေဒ ဌာနမှ လက်ထောက်ကထိက ဦးအောင်ကျော်မြတ်တို့ကနေပြီးတော့မှ ဒီလမ်းပိုင်းကို လာရောက် ပြီးတော့ ကြည့်ရှုစစ်ဆေးပေးခဲ့ပါတယ်။ အဲဒီတော့ ဘူမိဗေဒပညာရှင်တွေရဲ့ လေ့လာသုံးသပ်ချက်က (က) ကျော-ရေမျက်နီလမ်းပိုင်းတွင် ပြတ်ရွေ့ကြီး၊ ပြတ်ရွေ့ငယ်များ တွေ့ရှိရခြင်း၊ ပုံညာတောင်ဥမင်၏ ပတ်ဝန်းကျင်တွင် လွှာတွန့်ခုံးများနှင့် လွှာတွန့်ချိုင့်များပါရှိနေသော သက်ရှင်ပြတ်ရွေ့များကို တွေ့ရှိ ရခြင်း၊ ၎င်းလမ်းပိုင်းတွင်တွေ့ရှိရသော ကျောက်အမျိုးအစားမှာ ယောယျေ့လကျောက်၊ ပုံတောင်သဲ ကျောက်နှင့် ရွှံ့ကျောက်များအပြင် ရွှံ့စေကျောက်၊ ထီးလင်းသဲကျောက်၊ လောင်းရှည်သဲကျောက်၊ လျှေလကျောက်များကို တွေ့ရှိရပြီး ပင်ကိုယ်သဘောကပင် မတည်ငြိမ်သော ဘူမိအနေအထားများ ရှိနေခြင်း၊ ရထားလမ်းအူကြောင်းသည် ပြတ်ရွေ့ကြောနှင့် အပြိုင်တည်ရှိလျက်ရှိနေခြင်း၊ ရထားလမ်း

အုကြောင်းသည် အင်ဂျင်နီယာ ဂုဏ်သတ္တိညံ့ဖျင်းသော ကျောက်လွှာ ယူနစ်များကိုသာ ဖြတ်၍ ဖောက်လုပ်ထားသဖြင့် မိုးရာသီ၌ Bearing Capacity နည်းပြီး တာဘောင်များ ပျက်စီးခြင်း၊ (ခ) ပျက်စီးမှုဖြစ်ခဲ့သော မြေနေရာ ၅၇ နေရာကို အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများမှာ မြေထိန်းနံရံများ တည်ဆောက်ရန်လိုအပ်ခြင်း၊ Side Slope များတွင် Steel Mesh များဖုံးအုပ်ရန် လိုအပ်ခြင်း၊ လိုအပ်သော နေရာများတွင် ရေထွက်ပေါက်တံတားများ Box Culvert သို့မဟုတ် Open Bride များ တည်ဆောက်ပေးရန်လိုအပ်ခြင်း၊ ရေစီးရေလာကောင်းရန်နှင့် အောင်းရေ Pore Pressure မရှိရန် အတွက် ရေမြောင်းများ ပြုလုပ်ခြင်း၊ Perforated Pipe များထည့်သွင်းတည်ဆောက်ပေးရန် လိုအပ်ခြင်းစတဲ့ အကြံအဉာဏ်ပြုချက်တွေကို ရရှိခဲ့ပါတယ်။

ဘူမိဗေဒပညာရှင်တွေရဲ့ အကြံပြုချက်အပေါ်မှာ အခြေခံပြီးဆောင်ရွက်ရမည့်လုပ်ငန်းတွေ သံလမ်းပြုပြင်ရမယ့်လုပ်ငန်းတွေကို ဆောင်ရွက်ဖို့ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်က သန်းပေါင်း ၆၂၃၅.၂၁ သန်း ဖြစ်ပါတယ်။ အဲဒီအခြေအနေမှာ ကျော-ရေမျက်နီကြားမှာ ၂၇ မိုင်ခရီးလေးကို ပြေးလိုက်တဲ့အခါမှာ အသွားအပြန် ၂၀၀၇-၂၀၀၈ တစ်နှစ်လုံးမှာမှ ပျမ်းမျှကြေးယူလိုက်ရင် အသွားအပြန် ၄၁ ယောက်ကို ၁၉၀၀၀ ပဲရပါတယ်။ ၂၀၀၈-၂၀၀၉ မှာ ၇၂ ယောက် ၁၉၀၀၀ ပဲရပါတယ်။ အားလုံးပေါင်းမှ အများဆုံးဖြစ်တဲ့ ၂၀၁၀ ခုနှစ် ဧပြီလမှဇူလိုင်လအထိ ၂၉၀၀၀ လောက်ရပါတယ်။ တကယ်တမ်း ရထားတစ်ခေါက်ရဲ့ခရီးစဉ်က ၃၅၄၀၀၀ ဆီဖိုးကျပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့က ဟိုလိုပေါ့ တကယ်တမ်း ပြည်သူလူထုအတွက် တကယ်တမ်းအရှုံးခံပြီးတော့ လုပ်သင့်တာ မှန်သော်လည်းပဲ နောက်ဆုံးအခြေအနေကတော့ ဒီကျော-ရေမျက်နီလမ်းပိုင်းကို ပြန်လည်ပြုပြင်တဲ့ လုပ်ငန်းအတွက် ကုန်ကျစရိတ်တန်ဖိုးဟာ တအားကြီးများပြားပြီးတော့ စီမံကိန်းသစ်တစ်ခုဆောင်ရွက် ရမှာဖြစ်တဲ့အတွက်ကြောင့် လမ်းပိုင်းပြန်လည်ပြုပြင်ဆောင်ရွက်မည်ဆိုပါက ရေမျက်နှာသွင်ပြင် အနေအထားအရ ပြတ်ရွေ့ကြောများရှိခြင်းကြောင့် မြေပြိုခြင်း၊ လျောကျခြင်းများ ဆက်လက်ဖြစ်ပေါ် နိုင်တဲ့အတွက် ငွေကုန်ပြီးတော့ အကျိုးရှိနိုင်မှာမဟုတ်တဲ့အတွက်ကြောင့်လည်းကောင်း၊ အဲဒီလမ်းပိုင်းမှာ ခရီးသည်စီးနင်းမှုကလည်းနည်းပါးတယ်၊ ပြင်ဆင်ရမည့်စရိတ်ကကြီးမားတယ်၊ စီးပွားရေး တွက်ခြေမကိုက်ဘူး၊ ဒါ့အပြင် မော်တော်ယာဉ်လိုင်းကားတွေတော့ ရှိနေတယ်။ ကျော-ရေမျက်နီ လမ်းပိုင်း ပုံတောင်-ပုံညာတောင်ပေါ်လမ်းပိုင်းမှာ ဖြတ်သန်းပြီးတော့ မော်တော်ယာဉ်တွေ ပြေးဆွဲနေတဲ့ အတွက်ကြောင့် လောလောဆယ်တော့ ရထားပြေးဆွဲဖို့ အခြားရထားမှာ အရေးကြီးတဲ့အခြား စီမံကိန်းများ အရေးကြီးဆုံးနေရာများမှာ ဆောင်ရွက်နေတာရှိသေးတဲ့အတွက်ကြောင့် လောလောဆယ်

ဦးစားပေး စီစဉ်နိုင်ခြင်းမရှိပဲနဲ့ ရထားပြေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း ရိုးသားပွင့်လင်းစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဆက်သွယ်ရေးအလွန်ခက်ခဲသော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် GSM စနစ် တယ်လီဖုန်းလိုင်း တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်အောင်(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော် များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်း လိုတဲ့မေးခွန်းကတော့ နယ်စပ်ဒေသဖြစ်ပြီး ဆက်သွယ်ရေးအလွန်ခက်ခဲသော ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်မှာ GSM စနစ် တယ်လီဖုန်းလိုင်း ဆက်သွယ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့မေးခွန်း ဖြစ်ပါ တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ်ရဲ့ တောင်ဘက် အစွန်ဆုံးကျမြို့နယ်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်ဒေသတစ်ခုဖြစ်ပါတယ်။ ဧရိယာ စတုရန်းမိုင်ပေါင်း ၃၁၇၆ မိုင် ကျယ်ဝန်းပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၉၆ အုပ်စု၊ ကျေးရွာပေါင်း ၃၉၅ ရွာတို့နှင့်ဖွဲ့စည်းကာ လူဦးရေ အားဖြင့် ၉၆၀၆၉ ဦးရှိသည့်အတွက် ချင်းပြည်နယ်ရဲ့ ဧရိယာ အကျယ်ဝန်းဆုံးနဲ့ လူဦးရေအများဆုံး မြို့နယ်ဖြစ်ပါတယ်။ ပလက်ဝမြို့နယ်ရဲ့ လက်ရှိ တယ်လီဖုန်းလိုင်းများ တပ်ဆင်ထားရှိမှုအခြေအနေကတော့ ပလက်ဝမြို့ပေါ်မှာ မြို့တွင်း ဆက်သွယ် အသုံးပြုနိုင်တဲ့ အော်တိုကြိုးဖုန်းလိုင်းနဲ့ ပလက်ဝမြို့မှ မြို့နယ် ပြင်ပသို့ ဆက်သွယ်နိုင်တဲ့ CDMA 450 စနစ် တယ်လီဖုန်းလိုင်းသာ တပ်ဆင်ထားလျက် ရှိပါတယ်။ မြို့နယ်အတွင်း ကျေးရွာများနှင့် ဆက်သွယ်နိုင်တဲ့ တယ်လီဖုန်းလိုင်း ယခုအချိန်အထိ တပ်ဆင် နိုင်ခြင်း မရှိသေးသည့် အတွက် မြို့နယ်အတွင်းမှာ နေထိုင်ကြသော ပြည်သူများနှင့် ကျေးရွာအသီးသီးမှာ တာဝန် ထမ်းဆောင် နေကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စ များအတွက် ဆက်သွယ်ရန် အလွန်အခက်အခဲများ ကြုံတွေ့ကြရပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်း ဆောင်ရွက်ရာမှာ မြို့ပြနှင့်ကျေးလက် သို့မဟုတ် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုး

တိုးတက်ခြင်း ကွာဟမှုနည်းနိုင်သမျှနည်းအောင်ဆောင်ရွက်ရန် နိုင်ငံတော်အနေဖြင့် ရည်မှန်းဦးတည်လျက်ရှိ ကြောင်းကိုလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ နယ်စပ်ဒေသဖြစ်ပြီး ဆက်သွယ်ရေးအလွန်ခက်ခဲသော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် အများပြည်သူများအတွက် အဆင်ပြေစေမည့် GSM စနစ် တယ်လီဖုန်းလိုင်း တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မဲဆန္ဒရှင်ပြည်သူများရဲ့ ကိုယ်စားပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်အနေနဲ့ နယ်စပ်ဒေသဖြစ်ပြီး ဆက်သွယ်ရေးအလွန်ခက်ခဲတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာ GSM စနစ် တယ်လီဖုန်းလိုင်းများ တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မြန်အချိန်ချုံ့နိုင်ရန်အတွက် Power Point သုံးစွဲခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာ GSM စခန်း ခြောက်ခုကို တည်ဆောက်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပထမ ပလက်ဝအော်တိုအိတ်ချိန်းဝန်း ရှိပါတယ်။ အဲဒီအထဲမှာ မိုက္ကရိုစခန်းမှာရှိတဲ့ တာဝါတိုင်ဆိုဒ်အမှတ် (CHN-00111)မှာ GSM စနစ်ရရှိဖို့ရန်အတွက် စက်ပစ္စည်းများတပ်ဆင်ခြင်းနှင့် ဆက်ကြောင်းချိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိတာရှိပါတယ်။ ယခုလကုန် ၂၀၁၆ ခုနှစ်၊ ဇွန်လကုန်မှာ ပြီးစီးမှာဖြစ်ပါတယ်။ ပလက်ဝမြို့နယ်၊ ထရွန်အိုင်ရွာ ဆိုဒ်အမှတ် (CHN-00067)မှာ မြေနေရာရရှိပြီးတော့ Survey ပြုလုပ်ပြီးဖြစ်ပါတယ်။ Site Design ကိုအတည်ပြုခြင်း၊ တာဝါတိုင်တည်ဆောက်ခြင်း၊ စက်ပစ္စည်းများတပ်ဆင်ခြင်းနှင့် ဆက်ကြောင်းချိတ်ဆက်ခြင်းတို့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ပြီးစီးမှာဖြစ်ပါတယ်။ ပလက်ဝမြို့နယ်၊ ငမြောင်းသောင်ရွာ ဆိုဒ်အမှတ် (CHN-00071)မှာလည်း မြေနေရာရရှိပြီးတော့ Site Design

တော့ အတည်ပြုပြီးဖြစ်ပါတယ်။ တာဝါတည်ဆောက်ခြင်း၊ စက်ပစ္စည်းတပ်ဆင်ခြင်းနှင့် ဆက်ကြောင်းချိတ်ဆက်ခြင်းကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ပြီးပါမယ်။ ပလက်ဝမြို့နယ်၊ အလင်ဝရွာ ဆိုဒ်အမှတ် (CHN-00070)မှာတော့ မြေနေရာရရှိပြီး Site Design အတည်ပြုပြီးဖြစ်ပါတယ်။ အားလုံးတာဝါတည်ဆောက်တာ၊ စက်ပစ္စည်းတပ်ဆင်တာ၊ ဆက်ကြောင်းချိတ်ဆက်တာကိုတော့ ၂၀၁၇ ခုနှစ်၊ မတ်လကျမှ ပြီးမှာဖြစ်ပါတယ်။ ပလက်ဝမြို့နယ် တုံးမဝရွာ ဆိုဒ်အမှတ် (CHN-00078) ကလည်းပဲ ထိုနည်းငှင်းပါပဲ။ ၂၀၁၇ ခုနှစ်၊ မတ်လကုန်မှာ ပြီးမှာဖြစ်ပါတယ်။ တစ်ခါ ကုလားတန်မြစ်အနီးမှာရှိတဲ့ ဆိုဒ်အမှတ်(CHN-00122)အတွက် မြေနေရာရှာဖွေဆဲ ဖြစ်ပါတယ်။ မြေနေရာရရှိပြီးရင်တော့ Survey ပြုလုပ်မယ်၊ Site Design တွေ အတည်ပြုပြီးရင် အဲဒါကိုလည်းပဲ ၂၀၁၇ ခုနှစ်၊ မတ်လမှာ ပြီးစီးအောင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါက MPT ရဲ့ ခြောက်ခုကိုပြောတာပါ။

Telenor အနေနဲ့ လည်း ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာ GSM စနစ် ရရှိစေဖို့ရာအတွက် ပလက်ဝမြို့ပေါ်မှာ ဆိုဒ်အမှတ် (CH-0101)နှင့် (CH-0199)၊ ခဝဲရွာမှာ (CH-0073) တာဝါတိုင်သုံးခုအား တည်ဆောက်ရန်စီစဉ်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ နောက် အဲဒီလိုပဲ အော်ရီဒူးကလည်းပဲ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာ မြို့မရပ်ကွက်မှာ ဆိုဒ်အမှတ် (CHW-3065)မှာ တာဝါတိုင်တစ်တိုင်၊ ဆမီးရွာမှာဆိုဒ်အမှတ်(CHW-306)မှာ တာဝါတိုင်တစ်တိုင်၊ ဘောင်ကူးဝရွာမှာ ဆိုဒ်အမှတ်(CHW 3060)၌ တာဝါတိုင်တစ်တိုင် စုစုပေါင်း တာဝါတိုင်သုံးတိုင်ကို ဆောက်နေပါတယ်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်မှာ စတင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အကျဉ်းချုပ်အနေနဲ့ ပြောရမယ်ဆိုရင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တိုင်ခြောက်တိုင်၊ စခန်းခြောက်ခုဖွင့်တဲ့အခါမှာ ဇွန်လမှာတစ်ခုပြီးမယ်။ ဒီဇင်ဘာလမှာ နှစ်ခုပြီးမယ်။ မတ်လမှာ သုံးခု ပြီးပါမယ်။ တစ်ခါ Telenor ကတော့ သုံးခုရှိပါတယ်။ သုံးခုစလုံးဟာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်မှာ ပြီးပါမယ်။ Ooredoo ကလည်း သုံးခုရှိပါတယ်။ အဲဒီသုံးခုကလည်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်မှာ ပြီးပါမယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီဝေးလံခေါင်းပါးဒေသတွေမှာတော့ တတ်နိုင်သမျှ နယ်စပ်ဒေသတွေကို ဆက်သွယ်မှုရရှိအောင် ကြိုးစားဆောင်ရွက်တိုက်တွန်းလျက်ရှိပါတယ်။ အခု ဒီပုံမှာပြထားတဲ့အတိုင်းပဲ တည်ဆောက်ပြီးက အပြာနုလေးပါ။ တည်ဆောက်ဆဲက အနီရောင်လေးပါ။ အဝါရောင်ကတော့ ဆောင်ရွက်မယ့်အစီအစဉ်ပါ။ နောက်တစ်ခါ မြေနေရာ ရှာဖွေဆဲတစ်ခုရှိပါတယ်။ အဲဒါဆိုရင် အားလုံးကို ပလက်ဝမြို့နယ် တစ်မြို့နယ်လုံးတော့ လွှမ်းခြုံသွားနိုင်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့

ဒီဆောင်ရွက်တဲ့နေရာမှာ တာဝါတိုင်တွေအမှတ်  မြေနေရာမရသေးတာ မြေနေရာအတွက် အခက်အခဲရှိတာလို့ရှိပါတယ်။ အဲဒါကြောင့်လည်း တချို့ဟာတွေက ကြံ့ကြန်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း တချို့သော တာဝါတိုင်ကြီးကများ လဲလာမလား။ အဲဒီတာဝါတိုင်ကြီးရှိနေတဲ့အတွက်ကြောင့် မိုးကြိုးပစ်မှာလား မပဟုတ်ပါဘူးခင်ဗျား။ တာဝါတိုင်ရှိခြင်းအားဖြင့် မိုးကြိုးတောင်မှ ကာကွယ်နိုင်ပါတယ်။ တာဝါတိုင်ရဲ့ဒီဇိုင်းက ကျွန်တော်တို့အားလုံးတွက်ချက်ပြီးတော့ မြေသားကိုပါ စမ်းသပ်ပြီးတော့မှ ဆောက်ခွင့်ပေးတဲ့အတွက်ကြောင့် ဒီအခက်အခဲမရှိနိုင်တဲ့အကြောင်း ပြည်သူလူထုကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ နားလည်အောင်ရှင်းလင်းပေးကြပါ။ မြေရရှိရေးအတွက်လည်းပဲ တတ်နိုင်သမျှ အကူအညီပေးကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပြီး ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ကြံခင်း-ပခုက္ကူ မီးရထားလမ်းဖောက်လုပ်ခဲ့ရာ၌ လက်လွတ်ဆုံးရှုံးခဲ့ရသော ကံမမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကာလပေါက်ဈေးနှင့် အညီနစ်နာကြေးပေးလျော်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဟန်(ကံမမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မြန်မာ့မီးရထားပိုင်းကနေ ကြံခင်း-ပခုက္ကူမီးရထားလမ်းပိုင်းမှာဖောက်တဲ့အခါမှာ ကံမမြို့နယ်အတွင်းမှာပါသွားတဲ့ လယ်မြေဧကများ ဆုံးရှုံးမှုကို ကာလပေါက်ဈေးနဲ့အညီ ပေးဆပ်မှာကို အခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပါ/မပါ သိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းက လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာ့မီးရထားက ကြံခင်း-ပခုက္ကူမီးရထားလမ်းပိုင်းကို ၂၀၀၈ ခုနှစ်မှာဖောက်လုပ်ခဲ့ရာ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်အတွင်းမှာ ကျေးရွာအုပ်စုပေါင်း ၁၄ ခုမှ လယ်ယာမြေဧကပေါင်း ၄၁၅ ဧက သိမ်းဆည်းခံခဲ့ရပါတယ်။ ဒီလစ်လပ်ဆုံးရှုံးသွားတဲ့လယ်ယာမြေများကို ကာလပေါက်ဈေးနှင့်အညီ ဆုံးရှုံးနစ်နာကြေးကို ပေးလျော်ပါမည်လို့ ပထမအကြိမ် ပြည်သူ့လွှတ်တော်တုန်းက ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့စွဲပါစာအမှတ်(၂/၁၇ လွှတ်တော်/၂၀၁၅-၃၀၈၈၄) ရထားပို့ဆောင်ရေး

ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးလက်မှတ်ဖြင့် ဖြေကြားထားသော်လည်း အခုချိန်ထိ နစ်နာကြေးမရရှိသေးတာကို တွေ့ရှိရပါတယ်။ သို့သော် ကျွန်တော်ဒီမေးခွန်းကိုတင်တဲ့အပိုင်းမှာ ဒီမေလ ဒုတိယအပတ်မှာစပြီးတော့ တိုင်းထွာနေပါတယ်လို့ သိရလို့ဝမ်းသာပါတယ်။ ဒါကြောင့် ဆုံးရှုံးသွားတဲ့တောင်သူလယ်သမားရဲ့ နစ်နာကြေးများကို ကာလပေါက်ဈေးနှင့်အညီ ပေးလျော်မယ့်ငွေကို ဒီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပေး/မပေး သိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများရဲ့ကိုယ်စား မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန်ရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ကမံမြို့နယ် ကြံခင်း-ပခုက္ကူ မီးရထားလမ်းဖောက်လုပ်ခဲ့ရာမှာ တောင်သူလယ်သမားများရဲ့ လက်လွတ်ဆုံးရှုံးခဲ့တဲ့လယ်ယာမြေများကို ကာလပေါက်ဈေးနှင့်အညီ ဆုံးရှုံးနစ်နာကြေး ပေးလျော်ပါမယ်လို့ ဖြေကြားထားပြီးတော့ ယခုအချိန်အထိ မရရှိသေးဘူးဆိုတဲ့အကြောင်းကို သိရပါတယ်။ အဲဒီမှာ ကျွန်တော် ဘာကြောင့်ကြာတာလဲပေါ့။ မြေယာတွေကို မတိုင်းရသေးဘူး။ မတိုင်းရသေးတော့ ကျွန်တော်က အဲဒီမှာမှ ဒီဟာကို ကျွန်တော် အတင်းတိုက်တွန်းပြီးတော့ တိုင်းပါဆိုပြီးတော့ မေလ ဒုတိယပတ်မှာ တကယ်တိုင်းတယ်ဆိုတာ ဦးစိန်ဟန် တင်ပြတဲ့အတိုင်းပါပဲ။ မှန်ပါတယ်။ အဲဒီတော့ အဲဒီမှာလည်းပဲ ကျွန်တော် ကြည့်လိုက်တော့ အသေးစိတ်စစ်လိုက်တဲ့အခါမှာ ကြံခင်း-ပခုက္ကူ ရထားလမ်း စုစုပေါင်း ၃၁၄.၆၅ မိုင်ရှိပါတယ်။ အဲဒီရထားလမ်းဖောက်လုပ်စဉ်တုန်းက ပါဝင်သွားတဲ့ မြို့နယ်ဟာ ၁၁ မြို့နယ်ရှိပြီးတော့ သိမ်းဆည်းခဲ့ရတဲ့မြေဧကပေါင်း ၄၀၀၀ ခန့် ရှိပါတယ်။ အဲဒီ သိမ်းဆည်းရတဲ့မြေတွေအနက်မှ ၂၀၀၈-၂၀၀၉ ကနေစပြီးတော့ မြို့နယ်ပေါင်း ခုနစ်မြို့နယ်အတွက် လျော်ကြေးတွေပေးချေထားတဲ့ ဧကပေါင်း ၁၀၁၈.၁၁ ဧကနှင့် သီးနှံလျော်ကြေးအပါအဝင် စုစုပေါင်း ငွေကျပ် သန်း ၂၀၆၇.၃၃၇ သန်းကို ပေးချေထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့

လေးမြို့နယ် ကျန်ပါတယ်။ မြို့နယ် လေးမြို့နယ်ကို လျော်ကြေးပေးဖို့ ကျန်နေတဲ့အကြောင်းကို စစ်ဆေးတွေ့ရှိရပါတယ်။

အဲဒီတော့ ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်တဲ့အခါမှာ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်မှာ ခရီးမိုင် ၂၇ မိုင် ဖြတ်သန်းဖောက်လုပ်ခဲ့ပါတယ်။ ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားတဲ့ သိမ်းဆည်းမြေတွေအတွက် ကျွန်တော်တို့မှာ ဒီမြေလျော်ကြေးပေးဖို့ရာအတွက် အဆင့်တွေရှိပါတယ်။ မြန်မာ့မီးရထားမှ သိမ်းဆည်းမြေဧကနှင့် ပါဝင်တဲ့ တောင်သူစာရင်းကို တိတိကျကျရရှိဖို့လိုပါတယ်။ ဒါကြောင့်လည်းပဲ မြန်မာ့မီးရထား၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပေါင်းပြီးတော့၊ သက်ဆိုင်ရာတောင်သူတွေပါ ပူးပေါင်းပြီးတော့ သိမ်းဆည်းတဲ့ မြေတွေကို တိုင်းတာခြင်း ဆောင်ရွက်ရပါတယ်။ ပထမအဆင့်က တိုင်းတာရပါတယ်။ ဒုတိယအဆင့်က မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကနေပြီးတော့ သိမ်းဆည်းထားတဲ့ မြေဧက၊ တောင်သူစာရင်း၊ မြေစာရင်းမြေပုံတွေ ရရှိလာတဲ့အခါမှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီး မြေလျော်ကြေးတန်ဖိုးကို ကာလပေါက်ဈေးနှင့်အညီ တွက်ချက်ပြီးတော့ သက်ဆိုင်ရာခရိုင်နှင့် ပြည်နယ်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို အဆင့်ဆင့်တင်ပြပြီးတော့ အတည်ပြုချက် ရယူရပါတယ်။ အဲဒီတော့ ပြည်နယ်တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီရဲ့ အတည်ပြုဆုံးဖြတ်ချက်နဲ့ လယ်ယာမြေလျော်ကြေးတန်ဖိုးများကို အတည်ပြုပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကို အကြောင်းကြားရပါတယ်။

အကြောင်းကြားတဲ့အခါမှာ ပြည်နယ်တိုင်းဒေသကြီးများမှ အတည်ပြုထားတဲ့ မြေယာလျော်ကြေးတန်ဖိုးစာရင်းရရှိတဲ့အခါမှာ ဝန်ကြီးဌာနကနေပြီးတော့ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ကို ဘဏ္ဍာငွေလျာထားတောင်းခံရပါတယ်။ ဘဏ္ဍာငွေသုံးစွဲခွင့်ရရှိတဲ့အခါမှာ သက်ဆိုင်ရာတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဘဏ္ဍာငွေလွှဲအပ်ပေးလိုက်ပြီးတော့ အဖွဲ့ဖွဲ့ပြီးတော့ လျော်ကြေးပေးချေခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ရပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့တော့ ပထမဆုံးတိုင်းတာတဲ့အဆင့်တောင် မပြီးသေးတော့ ကျွန်တော့်အနေနဲ့ မေလ ဒုတိယပတ်မှာ အတင်းတိုက်တွန်းပြီးတော့ စာရင်းကို မြန်မြန်ရအောင်လုပ်ပေးဖို့ ဆော်သြခဲ့ပါတယ်။ အခု တိုင်းတာ ပြီးဖြစ်ပါတယ်။ တိုင်းတာပြီးတော့ မြန်မြန်ဆန်ဆန် ဒီမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တွေ အခုနကအဆင့်ဆင့်ကာလပေါက်ဈေးတွက်ချက်တာတွေ တောင်သူလယ်သမားရဲ့ တကယ်ဆုံးရှုံးနစ်နာတဲ့ စာရင်းတွေ တိတိကျကျရပြီးတော့ လယ်ယာမြေအကွေးတွေရခဲ့ရင်တော့ ကျွန်တော် အမြန်ဆုံး

ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီအခါမှာ ရရှိလာတဲ့ ကျွန်တော့်ကို ဘယ်လောက်ပေးရမယ်။ အားလုံးပေါင်း လျှော်ကြေးမြန်မြန်ရရင်တော့ ဒီနှစ်ထဲမှာ Revise ပေါ့။ ခုနတုန်းက ဘတ်ဂျက်ပြန်ပြီးတော့ တောင်းလို့ရသေးရင် ကျွန်တော် တောင်းပါ့မယ်။ တောင်းလို့မရရင်တော့ ရှေ့နှစ်ဘတ်ဂျက်ကြမှပဲ လျှော်ပေးနိုင်ပါမယ်လို့ ကျွန်တော် ဖြေကြားလိုပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အရင်ဘတ်ဂျက်က အရင် ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပြီး ဖြစ်တယ်။ အခုဟာ နောက်ထပ် ကျွန်တော်က RE ပေါ့။ ပြန်ပြီးတော့ တောင်းရမှာဖြစ်ပါတယ်။ အဲဒီတော့ တောင်းပြီးရင်တော့ ပြန်ပြီးတော့ ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်တော် ကျန်နေတဲ့လေးမြို့နယ်လုံး ကိုလည်းပဲ တစ်ပြိုင်တည်းရရှိအောင်တော့ ကြိုးစားပြီးတော့ ဆောင်ရွက်နေပါတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျာ။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ဗိုလ်အောင်ကျော်တံတားအကြား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သော မြေဧရိယာဧက ၂၀ ခန့်ကို အသုံးပြု၍ ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီမှ MIC ခွင့်ပြုချက်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေခြင်းအား ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင်ကမ်းနားတစ်လျှောက် သောင်ထွန်းမှု တောက်လျှောက် ဖြစ်ပေါ်လာနိုင်ခြင်း၊ သင်္ဘောရေလမ်းကြောင်းပိတ်ဆို့နိုင်စေခြင်း၊ ဗိုလ်တထောင် သမိုင်းဝင် စေတီတော်၏ အဆောက်အဦများ စိုးရိမ်ဖွယ်ဖြစ်ခြင်း၊ ဘုရားဝတ်ပြုသူတို့အား တုန်ခါမှုဆူညံသံများဖြစ်စေကြောင်း၊ ရန်ကုန်ကမ်းနားလမ်း တစ်လျှောက် Container ကားများ ပိတ်ဆို့နိုင်စေခြင်းစသည်တို့ကြောင့် အဆိုပါစီမံကိန်းအား ရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆိပ်ကမ်းမဲဆန္ဒနယ်က ဦးတင်မောင်ဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးတင်မောင်ဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာရေး ရောက်ရှိနေကြတဲ့ ဧည့်သည်တော်များခင်ဗျား။ ပထမဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ကျွန်တော့်ရဲ့နယ်မြေထဲမှာရှိတဲ့ Jetty တည်ဆောက်ရေးကိစ္စ ရပ်တန့်ရေးကို ကျွန်တော်ရှင်းလင်းမြင်သာအောင် Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော် တင်သွင်းမယ့်အဆိုကတော့ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ အစိုးရပိုင်မြေဖြစ်တဲ့ ဗိုလ်အောင်ကျော် တံတားဝင်းနှင့် ဗိုလ်တထောင်ဝင်းကြားမှာရှိတဲ့ သိမ်ဖြူ သင်္ဘောကျင်းနဲ့ဆက်စပ်နေသော အစိုးရပိုင် မြေဧရိယာ ၂၀ ဧကကို အသုံးပြုပြီးတော့ ဆိပ်ခံ တံတားတည်ဆောက်တဲ့ကိစ္စကို ရပ်ဆိုင်းရန်ဖြစ်ပါတယ်။ အဲဒီလို တင်ပြဖို့ ကျွန်တော်လေ့လာ စိစစ်သုံးသပ်ပြီး တင်ပြမှာဖြစ်ပါတယ်။

ဒီပုံကတော့ ရန်ကုန်ဆိပ်ကမ်းအဝင်ရေလမ်းကြောင်းပါ။ အပေါ်ဆုံးကတော့ ရန်ကုန်ဆိပ်ကမ်း ရဲ့ဆိပ်ကမ်းများပါ။ အပြင်ကတော့ သင်္ဘောကြီးတွေဝင်တဲ့ Sea Port လမ်းကြောင်းရှိပါတယ်။ အဲဒီတော့ ရန်ကုန်ဆိပ်ကမ်းမှာ အခြားနိုင်ငံတွေနဲ့မတူတဲ့ သင်္ဘောအဝင်လမ်းကြောင်းမှာ Barrier တစ်ခုရှိပါတယ်။ Inner Barrier and Outer Barrier ပါ။ Barrier ဆိုတာကတော့ ကန့်သတ်ထားတဲ့နုန်းမြေတွေနဲ့ သောင်ထွန်းတာရယ် အဲဒါတွေကို သီလဝါဆိပ်ကမ်းအလယ်ခေါင်မှာ ရှိပါတယ်။ မြင်တဲ့အတိုင်းပါပဲ။ အဲဒီတော့ ပထမသင်္ဘောကြီးတွေက အပြင်စည်းခုံကို ဖြတ်ရတယ်။ ဒါလည်း ဒီရေတက်ချိန်မှာ ဖြတ်ရတယ်။ ဖြတ်ပြီးရင် အတွင်းစည်းခုံမှာ တစ်ခါဒီရေတက်ချိန်မှာ ကပ်ရ တယ်။ ရန်ကုန်မြစ်ရေဟာ 7 Meter ရှိပါတယ်။ Tide အတက်အကျ Difference ပေါ့။ အဲဒီတော့ minimal ရန်ကုန်မြစ်ရဲ့ရေအနက်က 3 Meterလောက်ရှိတဲ့အတွက် 10 Meter ရှိတဲ့ သင်္ဘောတွေပဲ ရန်ကုန်မြို့ကို ဝင်ထွက်နိုင်ပါတယ်။ ယနေ့ခေတ်မှာ ကမ္ဘာပေါ်မှာ မီတာ ၅၀၊ ၆၀၊ ၇၀ ရှိတဲ့ သင်္ဘောတွေ ဝင်ထွက်နေတဲ့အချိန်မှာ ရန်ကုန်မြို့မှာ ၃၀ မီတာပဲ ဝင်ထွက်လို့ရပါတယ်။ အဲဒီ ဝင်ထွက်မယ့်နေရာမှာ တည်ဆောက်မယ့် Jetty တွေအကြောင်း ကျွန်တော်နည်းနည်းရှင်းလင်းတင်ပြပါ့မယ်။ ဒါကတော့ ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီမှ ဆိပ်ခံတံတားတည်ဆောက်မည့်မြေနေရာကို ပြတာဖြစ်ပါ တယ်။ အဲဒီမှာ Jetty ခြောက်ခုရှိပါတယ်။ ရွှေနားပါး၊ ဝါးတံတား၊ Asia world Port Terminal, Alone International Port Terminal, Myanmar International Port Terminal,

ဆူးလေတံတားကတော့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အစိုးရမြေပါ။ ဗိုလ်အောင်ကျော် Jetty၊ အခုပြ ထားတာကတော့ ဗိုလ်တထောင်ဘုရားနားလေးမှာ ကပ်ပြီးတော့ ကောင်းမြန်မာအောင်ကုမ္ပဏီက တည်ဆောက်မယ့်နေရာကို ပြထားခြင်းဖြစ်ပါတယ်။ ရန်ကုန်မြို့ကြီးမှာ Jetty ခြောက်ခုရှိနေပြီးသားပါ။ အဲဒီခြောက်ခုနဲ့တင်ကို လုံလောက်နေပါတယ်။

အခုတည်ဆောက်မယ့်နေရာလေးကို ကျွန်တော်ပြတာဖြစ်ပါတယ်။ ဒါကတော့ ကောင်းမြန်မာ အောင် သူ့ရဲ့သမိုင်းကြောင်းလေးပေါ့နော်။ ၂၀၁၂ ခုနှစ်မှာ နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ သူကမြေနေရာရရှိခဲ့ပါတယ်။ ပထမတော့ MIC က ခွင့်ပြုချက် ခေတ္တရပ်ဆိုင်းခဲ့ပါတယ်။ နောက်ထပ် ၂၀၁၅ ခုနှစ်မှာတင်ဒါထပ်ခေါ်ပြီးတော့ ၂၀၁၆ ခုနှစ် မတ်လ၊ ဧပြီလမတိုင်ခင်လေးတင်မှာပဲ ၂၅ ရက်နေ့မှာပဲ သူတို့ MICကခွင့်ပြုချက်ရပြီး စာချုပ်ချုပ်ဆိုခဲ့တယ်လို့ ကြားသိရပါတယ်။ အဲဒီတော့ ကျွန်တော်တင်ပြချင်တာက ဒီတံတားတည်ဆောက်ခြင်းအားဖြင့် ဆိုးကျိုးတွေ ဘာတွေရှိမလဲပေါ့။ (၁) အချက်ကတော့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အနီးမှာ တည်ဆောက်တဲ့အတွက် Loading, Unloading တွေကို လုပ်မှာဖြစ်တဲ့အတွက် တုန်ခါမှုတွေ ဖြစ်ပြီးတော့ ဘုရားရဲ့ Structure ကလည်း လိုဏ်ဂူ Structure ဖြစ်တဲ့အတွက် တုန်ခါမှုကြောင့် စေတီရဲ့အဆောက်အဦကို ထိခိုက်စေနိုင်ပါတယ်။ ၂၄ နာရီ Container တွေရဲ့ဆူညံမှုကြောင့် ဘုရားဝတ်ပြုသူတွေကို အနှောင့်အယှက်ဖြစ်စေမှာပါ။ အဲဒီတော့ ဒီလို အဆောက်အဦတွေမရှိဘဲနဲ့ ရှိတဲ့အဆောက်အဦတွေကို ဖယ်ပြီးတော့လုပ်မှာဖြစ်တဲ့အတွက်၊ လွင်ပြင်ဖြစ်လာတဲ့အတွက် အပူဒဏ် (Heat wave, Wind wave)တွေ ဆိုးရွားစွာခံရပါမယ်။ နောက်ထပ် ပိုပြီးတော့ဖြစ်နိုင်တာက ဆိပ်ခံတံတား တည်ဆောက် မယ့်နေရာက ဗိုလ်အောင်ကျော်တံတား တိုးချဲ့တည်ဆောက်မှာဖြစ်တဲ့အတွက် သောင်ထွန်းမယ့်ကိစ္စ၊ သောင်တွေက အများကြီးထွန်းနေပါတယ်။ အခုလည်းလက်ရှိ သောင်တွေထွန်းနေပါတယ်။ အဲဒီတော့ နောက်တစ်ခါ တံတားတည်ဆောက်ဖို့အတွက် သူက Jetty ကနေဆောက်တော့ မြစ်ထဲကို ရေစူး ရောက်အောင် သူကမြစ်ထဲကိုတိုးလုပ်တဲ့အတွက် သင်္ဘောကြီးတွေရဲ့ ရေလမ်းကြောင်းကျဉ်းလာနိုင် မယ့်ဆိုးကျိုးတစ်ခုပါပဲ။ အဲဒီတော့ ရန်ကုန်ဆိပ်ကမ်းမှာ အဓိကဝင်ပေါက်ဖြစ်တဲ့ သန်လျက်စွန်းမှာ Inner Barrier ရှိပါတယ်။ Inner Barrier ကတော့ မြစ်သုံးပွင့်ဆိုင်ပါ။ ရန်ကုန်မြစ်ရယ်၊ ပဲခူးမြစ်ရယ်၊ ပုဇွန်တောင်ချောင်းရယ် သုံးခုဆိုင်တဲ့နေရာ။ အဲဒီနေရာမှာ သောင်က တော်တော်ကြီးနေပါတယ်။ သန်လျက်စွန်း အတွင်းသောင်ခုံကို ရေယာဉ်များဖြင့် နေ့စဉ် Depth 3 meter ရောက်အောင်

အမြဲတမ်း Maintain လုပ်ရတဲ့စရိတ်ကလည်း မနည်းပါဘူး။ ဒါကတော့ ၂၀၁၅ ခုနှစ်မှာ ဒိန်းမတ်ကနေပြီးတော့ သောင်တူးသင်္ဘော၄စီးပြီး တူးရပါတယ်။ ဒါက Major သောင်တူးခြင်းဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် မတ်လမှာ ကျွန်တော်တို့ ၁၅ ရက်တူးလိုက်တာ ၁.၆ ဘီလီယံကုန်သွားပါတယ်။ ဒါတင်မကပါဘူး။ နေ့စဉ်နေ့စဉ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သောင်တူးသင်္ဘောက ဘယ်ဘက်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သောင်တူးခြင်းနဲ့လည်း minor သောင်တူးခြင်းနဲ့ ဆောင်ရွက်နေရပါတယ်။ အဲဒီတော့ ကျွန်တော် အခုတင်ပြတာက ရန်ကုန်ဆိပ်ကမ်းမှာ ရေလမ်းကြောင်းတွေပိတ်ဆို့တာတင်မကပါဘူးခင်ဗျား။ အခုဖြစ်နေတာက ရေလမ်းကြောင်းပိတ်ဆို့ရုံမကဘဲနဲ့ ကမ်းနားလမ်းပတ်လည်မှာ မော်တင်၊ ဆူးလေ၊ ပိုလ်တထောင်မှာလည်း ကားတွေက Container ကားကြီးတွေနဲ့ ပစ္စည်းတွေ မထုတ်နိုင်လို့ ရန်ကုန်မြို့မှာ ကျွန်တော်က အဲဒီနယ်မြေမှာ၊ စည်းရုံးရေးကာလမှာ Container ကားတွေနဲ့ ကြပ်တာကို ကျွန်တော့်နယ်မြေထဲဝင်ဖို့ တော်တော်ကြီးစောင့်ယူရပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်ဆိုလိုချင်တာက လက်ရှိ တံတားခြောက်ခုတောင်မှ စွမ်းအားပြည့်မသုံးရသေးပါဘူး။ စွမ်းအားပြည့်မသုံးရတာတောင်မှ ကြပ်နေရင် စွမ်းအားပြည့်လည်းသုံးမယ်။ ကောင်းမြန်မာအောင်က တံတားပါထပ်ထိုးလိုက်မယ်ဆိုရင်တော့ Container ကြပ်မှုဟာ ပိုမိုဆိုးရွားလာမယ်လို့ သုံးသပ်ရရှိပါတယ်။ အဲဒီတော့ ဆိပ်ကမ်းတည်ဆောက်တယ်ဆိုတာ တိုင်းပြည်တစ်ပြည်မှာ ပရောဂျက်တစ်ခုလုပ်ပြီဆိုလို့ရှိရင် EIA, SIA တို့ကိုထည့်တွက်ရပါတယ်။ Economic Impact Assessment မှာကတော့ ဆိပ်ကမ်းက လုပ်ငန်းအောင်မြင်စွာလည်ပတ်နိုင်ဖို့ လက်ရှိတည်ဆောက်နေတဲ့ အဆောက်အဦတွေပြောင်းမယ်။ သိုလှောင်ဌာနတွေပြောင်းမယ်။ ဘောတံတားတွေပြောင်းမယ်။ ထိန်းသိမ်းပြုပြင်ရေးလုပ်သား ဆိပ်ကမ်းနေရာများ ဝေးရာပြောင်းလိုက်လို့ရှိရင်၊ ဒါတွေကို ပြန်ပြီးတော့ Maintain လုပ်မယ်ဆိုလို့ရှိရင် ဒါက စီးပွားရေးတွက်ခြေမကိုက်တော့ EIA ကလည်း တွက်ချက်မှု မကိုက်ပါဘူး။ ဆိပ်ကမ်းမဲဆန္ဒနယ်မှာရှိတဲ့ မိသားစုရပ်ကွက်တစ်ခုလုံး ကွယ်ပျောက်သွားမှာပါ။ အဲဒီတော့ နောက်နှစ်မှာ ရန်ကုန်မြို့က ၄၅ မြို့နယ်မဟုတ်ဘဲနဲ့ ၄၄ မြို့နယ် ဖြစ်သွားမယ့် သဘောတောင်ဖြစ်နေပါတယ် ခင်ဗျား။

တကယ်တော့ ဆိပ်ကမ်းဖွံ့ဖြိုးရေးဟာ တိုင်းပြည်အတွက်လိုအပ်ပါတယ်။ ကမ္ဘာပေါ်မှာ ဂျပန်၊ ဂျာမနီတို့မှာလည်း ဂျာမနီမှာ ဟမ်းဘတ်၊ ဂျပန်မှာ ယိုကိုဟားမား၊ ကိုဘေးတို့လည်း ဒီလိုတိုးတက်အောင်လုပ်နေကြတော့ ဆိပ်ကမ်းလုပ်ငန်းက တကယ်လိုအပ်ပါတယ်။ ဒါပေမဲ့လည်း ရေလမ်းကြောင်းအခြေအနေ၊ ဆိပ်ကမ်းတည်ဆောက်နိုင်မှုအခြေအနေတို့ကို FS ဆိုတဲ့ Feasibility

Study သေချာပြုလုပ်ပြီးမှသာ Conceptual Plan ဆွဲပြီးတော့ သေချာလေ့လာဆောင်ရွက်ဖို့သင့်ပါတယ်။ အဲဒီတော့ ကောင်းမြန်မာအောင်ကုမ္ပဏီနဲ့ ကျွန်တော်တို့ သီလဝါဘက်၊ ပင်လယ်ဘက်မှာလည်း သူမြေကွက်ရရှိပြီးတော့ အဲဒီမှာလည်း ဆိပ်ကမ်းဆောက်ဖို့ ကောင်းမြန်မာအောင်က သူ့မှာရရှိပြီးသားပါ။ ဒီနေရာတင်မကပါဘူး။ သီလဝါဘက်မှာလည်း ရရှိပြီးသားပါ။ ဒါတွေကတော့ Jetty တည်ဆောက်မယ်ဆိုလို့ရှိရင် ပြောင်းရွှေ့ပေးရမယ့်အဆောက်အဦလေးပါခင်ဗျား။ ဒါသည် သိမ်ဖြူသင်္ဘောကျင်းမှာ ပြောင်းရွှေ့ပေးရမယ့် အဆောက်အဦလေးပါ။ ဒါတွေကလည်း ပြောင်းရွှေ့ပေးရမယ့် အဆောက်အဦတွေပါ။ ဒါတွေက လက်ရှိအဆောက်အဦတွေဆောက်ထားပြီးသားပါခင်ဗျား။ မိသားစုရပ်ကွက်မှာလည်း ဒါဟာ ပစ္စည်းဌာနသိုလှောင်ရုံကြီးများပါ။ ထိန်းသိမ်းရေးဌာန ဒါလည်း အဆောက်အဦတွေပါခင်ဗျား။ အဆောက်အဦအလုံး ၂၀ လောက်ရှိပါတယ်။ အဲဒီတော့ အဓိကကတော့ မိသားစုရပ်ကွက်ပေါ့လေ။ ကျွန်တော့်မိသားစုဝန်ထမ်းတွေ ၂၀၀၀ လောက်က ဒီကနေ ဖယ်ပေးရမယ့် အခြေအနေရောက်နေတယ်ဆိုပေမယ့် သူတို့လည်း ကသီမှာပါခင်ဗျား။ သူတို့ကိုလည်း ထည့်တွက်ရမှာပါ။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ Port တွေတိုးတက်လာတာ ကောင်းပါတယ်။ တိုင်းပြည်တိုးတက်ဖို့လုပ်ကြတာ Entrepreneur တွေကို ကျွန်တော်တို့ ဟမ်းဘတ်ကနေ ဖိတ်ခေါ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ရောက်ခဲ့တဲ့ ဂျပန်နိုင်ငံ တိုကျို၊ ယိုကိုဟားမား၊ ကိုဘေး၊ ဂျာမနီမှာလည်း ဆိပ်ကမ်းတွေက တိုးချဲ့ပြီးတော့ အဟောင်းတွေကို စွန့်ပြီးတော့ အသစ်တွေ တည်ပါတယ်ခင်ဗျ။ ဘာလို့လဲဆိုတော့ အဟောင်းတွေက ၃၀ မီတာလောက်ပဲ ရပါတယ်။ အသစ်တည်တာတွေကတော့ ရေစူးများတဲ့ဟာတွေကို တည်ရတာပါခင်ဗျား။ အဲဒါကြောင့်မို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို ဆိုးကျိုးတွေ ရှိတာကြောင့်မို့ ကျွန်တော့်အနေနဲ့ ကောင်းမြန်မာအောင် သင်္ဘောကုမ္ပဏီဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှပိုင်ဆိုင်တဲ့ သင်္ဘောကျင်းဆိပ်ကမ်းတံတား ပြုပြင်ထိန်းသိမ်းရေးဌာနများ၊ ပစ္စည်းသိုလှောင်ရုံများကို ပြောင်းရွှေ့ပေးမယ့် ဧရိယာ ၂၀ ကို အသုံးပြုပြီးတော့ ဆိပ်ကမ်းတံတားတည်ဆောက်ခြင်းကို ရပ်ဆိုင်းရန်သင့်ပါကြောင်းအဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးနေဖူးဗဆွေ(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့အဆိုကို အောက်ပါအကြံပြုချက်များနှင့်တကွ ထောက်ခံဆွေးနွေးသွားပါမယ်။ (၁) အဆိုပါဆောက်လုပ်ရေးလုပ်ငန်းသည် မြန်မာဗုဒ္ဓဘာသာတွေ အထွတ်အမြတ်ထားရာ ရွှေတိဂုံဘုရားသမိုင်းနှင့် ဆက်စပ်နေသော ရှေးဟောင်းယဉ်ကျေးမှုနှင့် သာသနာ့သမိုင်းဝင်ဖြစ်သည့် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီနှင့် နီးကပ်စွာတည်ရှိနေ၍ စီမံကိန်းကာလနှင့် ပြီးစီးပြီးလုပ်ငန်းဆောင်ရွက်ချက်များတွင် မြေတုန်ခါမှုနှင့် အသံဆူညံမှုများအမြဲပေါ်ထွက်နေလျက်ရှိလာပြီးဖြစ်ရာက စေတီတော်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ တုန်ခါမှုအမျိုးမျိုးနှင့် ဘုရားပွဲ၊ တရားပွဲနှင့် ဘဝသံသရာပြတ်ရေး သာသနာဆိုင်ရာ သမ္မထဝိပဿနာဘာဝနာ ဆိတ်ငြိမ်စွာပွားများအားထုတ်မှုများကို အသံဆူညံမှုမျိုးစုံနှင့် ထိခိုက်လာနိုင်ခြင်း၊ (၂) ဒီစီမံကိန်းဆောင်ရွက်မှုများကြောင့် ဆက်စပ်ကမ်းနားဒေသတစ်လျှောက် သောင်ထွန်းမှုများ ပိုမိုများပြားနိုင်ပြီး၊ အကယ်၍ ဆိပ်ခံတံတားကို ရေစူးရရန်၊ တံတားအရှည် ရေအနက်ရရှိရန် မြစ်အတွင်းသို့တိုးချဲ့တည်ဆောက်ပါက ယခု ရေလမ်းကြောင်းသွားလာပို့ဆောင်နေသော သင်္ဘောကြီးများအတွက် ရေလမ်းကြောင်းကျဉ်းမြောင်းမှု ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ဆိပ်ခံတံတားနှင့် ၂.၅ ကီလိုမီတာခန့်တွင်ရှိသော သံလျက်စွန်းအတွင်းစည်းခုံနှင့် အနည်ကျမှုများ ပိုမိုများပြားလာနိုင်ပြီး နိုင်ငံတကာမှ သောင်တူးဖော်ခြင်း လုပ်ငန်းစရိတ် နှစ်စဉ်ပိုမိုကုန်ကျလာမည်ဖြစ်ပါသည်။ ထိုသို့ ရန်ကုန်မြစ်အဝင်ဝထိပ်မှ ရေလမ်းကြောင်းပိတ်ဆို့မှုနှင့် ကောင်းမွန်မှုမရှိခြင်းတို့ကြောင့် ယခုမြစ်အတွင်း တည်ဆောက်လုပ်ကိုင်နေသော အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ၂၅ ခုတို့အတွက် လုပ်ကိုင်ဆောင်ရွက်နေမှုများကို များစွာထိခိုက်ကျဆင်းလာနိုင်ပြီး နိုင်ငံအတွက် ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ခြင်း၊ (၃) လက်ရှိဆောက်ပြီးတံတားများတွင် စက်ယန္တရားများကို ခေတ်နှင့်အညီ လိုအပ်ချက်များကို လိုက်လျောညီထွေစွာ တပ်ဆင်ဆောင်ရွက်ပါက ယခုထက် ကုန်ကိုင်တွယ်မှု နှစ်ဆခန့်အထိ တိုးတက်လာမည်ဖြစ်ရာ များပြားလာသည့် ကုန်တင်ယာဉ်များနှင့် ယာဉ်လမ်းကြောင်းကြပ်တည်းမှုများ ရှိလာမည်ဖြစ်သည့်အပြင် ယခု ဆိပ်ခံတံတားအသစ် ထပ်မံတည်ဆောက်လုပ်ကိုင်ပါက ယခုထက် ရေလမ်းကြပ်တည်းမှုများ ပိုမိုဖြစ်လာမည့်အပြင် အခြားတစ်ဖက်မှ စက်မှုဇုန်များသို့ ပို့ဆောင်သော

Container ကားများ တိုးပွားများပြားလာပြီး ကားများကြပ်လာမည်ဖြစ်သဖြင့် ရန်ကုန်မြို့တွင် ကားကြပ်မှုများကို ပိုမိုဖြစ်ပေါ်လာစေနိုင်ခြင်း၊ (၄) ယခု စီမံကိန်းတည်ဆောက်မည့်နေရာသည် ဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိ ဆိပ်ကမ်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အချိန်နှင့် နေရာမှန် ထောက်ပံ့ပေးနေရသော ဆိပ်ကမ်းလုပ်ငန်း အထောက်အကူပြုလုပ်ငန်းဌာနများဖြစ်သည့် ရေယာဉ်ပြင်ဆင်မှုလုပ်ငန်း၊ ဘော်ယာပြင်ဆင်မှုလုပ်ငန်း၊ လျှပ်စစ်ပြင်ဆင်မှုလုပ်ငန်း၊ စက်ယန္တရားပြုပြင်မှုလုပ်ငန်းများရှိနေရကာ အသစ်တည်ဆောက်ပေးမည့်နေရာများသို့ ပြောင်းရွှေ့ရပါက ပံ့ပိုးရမည့်နေရာများနှင့် အလှမ်းကွာဝေးသွားမည်ဖြစ်သဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းဆောင်ရွက်ရန်ခက်ခဲခြင်း၊ အချိန်ကြန့်ကြာခြင်း၊ ဌာနတစ်ခုနှင့်တစ်ခု ဆက်သွယ်ဆောင်ရွက်ရာတွင် ထိရောက်မှုများ မုချအားနည်းသွားမည့်အပြင် ပြည်တွင်းနှင့် ကမ်းရိုးတန်းသွားဆိပ်ခံတံတားများ ပြုပြင်ဆောင်ရွက်ပေးမည့်လုပ်ငန်းနေရာနှင့် အုပ်ချုပ်စီမံမှု အလှမ်းကွာဝေးသွားမည်ဖြစ်သဖြင့် စီမံခန့်ခွဲမှုအားနည်းမှုများ ဖြစ်ပေါ်လာပါမည်။ အထူးသဖြင့် အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လုပ်ငန်းအလှမ်းကွာဝေးမှုကြောင့် အချိန်မီဆောင်ရွက်နိုင်မှုရှိမည်မဟုတ်ပေ။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ အချိန်မီထုတ်ယူသုံးစွဲရန် လိုအပ်သဖြင့် အလှမ်းကွာဝေးမှုကြောင့် အချိန်ကြန့်ကြာခြင်းနှင့် သယ်ယူပို့ဆောင်စရိတ်များ ပိုမိုကုန်ကျလာမည်ဖြစ်ကာ ရေလမ်းကြောင်းပိတ်ဆို့မှုများဖြစ်ပေါ်လာပါက ကုန်ကိုင်တွယ်မှုပမာဏ ၅၀ ရာခိုင်နှုန်းအထက် ကျဆင်းလာနိုင်ခြင်းစသည်တို့ကြောင့် မဟာရန်ကုန်ရှိ မဲဆန္ဒနယ်တစ်ခုဖြစ်သော ဆိပ်ကမ်းမြို့နယ်နေ လူနေမှုဘဝများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆိပ်ကမ်းအာဏာပိုင်လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆိပ်ကမ်းလုပ်ငန်း အထောက်အကူပြုလုပ်ငန်းများ ဆက်လက်တိုးတက် ဆောင်ရွက်နိုင်ရန်တို့ကို ရှေးရှုလျက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၏အဆိုကို ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးတင်မောင်ဝင်းတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်ကတင်သွင်းသော ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ဗိုလ်အောင်ကျော်တံတားအကြား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှပိုင်ဆိုင်သော မြေဧရိယာ ဧက ၂၀ ခန့်ကိုအသုံးပြု၍ ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီက MIC ခွင့်ပြုချက်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန်ဆောင်ရွက်နေခြင်းအား ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင်ကမ်းနားလမ်းတစ်လျှောက် သောင်ထွန်းမှု တောက်လျှောက်ဖြစ်ပေါ်လာနိုင်ခြင်း၊ သင်္ဘောရေလမ်းကြောင်း ပိတ်ဆို့နိုင်စေခြင်း၊ ဗိုလ်တထောင်သမိုင်းဝင်စေတီတော်၏ အဆောက်အဦများ စိုးရိမ်ဖွယ်ဖြစ်ခြင်း၊ ဘုရားဝတ်ပြုသူတို့အား တုန်ခါမှုဆူညံသံများဖြစ်စေကြောင်း၊ ရန်ကုန်ကမ်းနားလမ်းတစ်လျှောက် Container ကားများ ပိတ်ဆို့နိုင်စေခြင်း စသည်တို့ကြောင့် အဆိုပါစီမံကိန်းအား ရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၇-၆-၂၀၁၆ (အင်္ဂါနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

ဥက္ကဋ္ဌ ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**